# ၁၉၅၇ ခုနှစ်၊ ဇေယျဝတီသကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင် ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။ *

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၈။]
(၁၉၅၇ ခုနှစ်၊ မတ်လ (၂၂)ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ဇေယျဝတီသကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင် ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ ဇေယျဝတီသကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (၁)အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁)အဖြစ် ထည့်သွင်းရမည်။

" (၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ဇေယျဝတီသကြားစက်ကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟု ခေါ်ရမည်။"

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂အစား၊ အောက်ပါကို၊ ပုဒ်မ ၂ အဖြစ် ထည့်သွင်းရမည်။

" ၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) 'ဇေယျဝတီသကြားစက်' ဆိုသည့်စကားရပ်တွင်၊ ဇယား၌ ဖော်ပြထားသော နယ်နိမိတ် အသီးသီးအတွင်းရှိ မြေရာ၊ အဆောက်အဦနှင့် အခြားပစ္စည်းအားလုံး ပါဝင်သည်။

(ခ) 'ကုမ္ပဏီ' ဆိုသည်မှာ၊ ဇေယျဝတီသကြားစက်လီမိတက် (The Zeyawadi Sugar Factory Ltd.) ကို ဆိုလိုသည်။"

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ်၊ ဧပြီလ (၁၃)ရက်၊ စာမျက်နှာ- ၅၈၆။

၄။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၃ အစား၊ အောက်ပါကို၊ ပုဒ်မ ၃ အဖြစ် ထည့်သွင်းရမည်။

"၃။ ။နိုင်ငံတော်သမ္မတမှာ၊အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင်၊ ကုမ္ပဏီပိုင်သည့် ဇေယျဝတီသကြားစက်ကို၊ ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့် လွှဲယူရန် အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ၊ အဆိုပါ နေ့ရက်မှစ၍ ဇေယျဝတီသကြားစက်သည်လည်းကောင်း၊ ထိုဇေယျဝတီသကြားစက်နှင့် သက်ဆိုင်သော ရာထမ်း မှုထမ်းအားလုံးသည်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရမည်။"

၅။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၀ နောက်တွင်၊ အောက်ပါဇယားကို ထည့်သွင်းရမည်။

"ဇယား။

**နယ်နမိတ်**

(က) တောင်ငူခရိုင်၊ ဖြူးမြို့နယ်ရှိ ဇေယျဝတီသကြားစက်။

| | | |
|---|---|---|
| အရှေ့ | ။ | ။ ဆားဂွန်းလမ်း။ |
| အနောက် | ။ | ။ မီးရထားလမ်း။ |
| တောင် | ။ | ။ မြို့ချောင်း။ |
| မြောက် | ။ | ။ ဆာဒေအိုနဂါးလမ်း။ |

(ခ) ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့ရှိ မြေရာ၊ အဆောက်အဦ။

| | |
|---|---|
| အရှေ့ ။ ။ | (၁) ဦးဘိုးရှင် ပါ ၂၊ အကွက်အမှတ် ၁၃။<br>(၂) အလီအာမက်၊ အကွက်အမှတ် ၁၄။<br>(၃) ဦးရန်အောင် ပါ ၂၊ အကွက်အမှတ် ၁၅။ |
| အနောက် ။ | ။ အပ္ပဒူဟူစိန်လမ်း။ |
| တောင် ။ | ။ အမန္တာနီပလီ မြေ။ |
| မြောက် ။ | ။ မဖွားရှင် မြေ၊ အကွက်အမှတ် ၉ ခ။ |

(ဂ) တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ မြို့လှ ရှိ မြေရာ၊ အဆောက်အဦ

အရှေ့ ။ ။ ရန်ကုန်-မန္တလေးကားလမ်း။

အနောက် ။ ။ ဒေါ်ဦးမြေ။

တောင် ။ ။ ဒေါ်ဦးမြေ။

မြောက် ။ ။ ဒေါ်ဦးမြေ။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

သမ္မတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်။
(၁၉၅၇ ခုနှစ်၊ မတ်လ ၂၂ ရက်။)

အမိန့်အရ၊

ပါစိန်၊

သမ္မတ၏အတွင်းဝန်။